# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သတင်းထုတ်ပြန်ချက်

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်လာသော Biman Bangladesh လေကြောင်းလိုင်းမှ လေယာဉ်တစ်စီး လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်အပေါ် နောက်ဆက်တွဲသတင်းထုတ်ပြန်ချက်

**ရန်ကုန် - မေလ ၉ ရက်၊ ၂၀၁၉ ခုနှစ် -** မေလ ၈ ရက်နေ့ ညနေခင်းကဖြစ်ပွားခဲ့သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်လာသည့် Biman Bangladesh လေကြောင်းလိုင်း ("Biman Airlines") မှ လေယာဉ်တစ်စီး လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်အပေါ် Yangon Aerodrome Company Limited ("YACL") မှ နောက်ဆက်တွဲသတင်းထုတ်ပြန်ချက် ထုတ်ပြန်ကြေညာလိုပါသည်။ Bombardier Dash 8 - Q400 လေယာဉ်အမျိုးအစားသည် မေလ ၈ ရက် ၁၈း၅၁ အချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆင်းသက်ချိန်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြင်ကွင်းများ မပြတ်သားမှုကြောင့် လေယာဉ်ပြေးလမ်းမှ ချော်ထွက်မှုဖြစ်ပွားခဲ့ပါသည်။

အဆိုပါလေယာဉ်တွင် လိုက်ပါစီးနင်းလာသော ကလေးတစ်ဦးအပါအဝင် ခရီးသည်နှင့် လေယာဉ်ဝန်ထမ်းစုစုပေါင်း ၃၅ ဦးကို ဖြစ်စဉ်ဖြစ်ပွားရာနေရာမှ အမြန်ဆုံးထွက်ခွာစေပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့မှု အသီးသီးကို သက်ဆိုင်ရာအာဏာပိုင်များနှင့် တာဝန်ရှိသူများမှ ချက်ချင်းစီစဉ်ဆောင်ရွက်ပေးပြီး ဖြစ်ပါသည်။ မေလ ၉ ရက် ညနေ ခြောက်နာရီအချိန်အထိ အသေးစားထိခိုက်ဒဏ်ရာများရရှိထားသော ခရီးသည် ၁၅ ဦးနှင့် လေယာဉ်ဝန်ထမ်း ၅ ဦးသည် ဆေးရုံတွင် ဆေးကုသမှုများ ခံယူလျက်ရှိပါသည်။

YACL ၏ Chief Executive Officer ဖြစ်သူ Mr. Ho Chee Tong မှ "ခရီးသည်တွေရဲ့ ဘေးကင်းလုံခြုံမှုက ကျွန်တော်တို့ရဲ့ ပထမဦးစားပေးပါ။ ထိခိုက်ဒဏ်ရာရရှိသွားတဲ့ ခရီးသည်တွေအပါအဝင် ၄င်းတို့ရဲ့မိသားစုဝင်အားလုံးကို လိုအပ်တဲ့ အကူအညီအထောက်အပံ့တွေပေးလျက်ရှိပါတယ်။ ထိခိုက်ဒဏ်ရာရရှိထားတဲ့ ခရီးသည်တွေအားလုံးလည်း အမြန်ဆုံး ပြန်လည်သက်သာလာစေဖို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆန္ဒပြုအပ်ပါတယ်။" ဟု ပြောကြားခဲ့ပါသည်။

![YANGON AERODROME COMPANY LIMITED]

# YANGON AERODROME COMPANY LIMITED

*Setting the standard for high performance*

လေယာဉ်ပြေးလမ်းချော်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် ပြေးလမ်းခေတ္တပိတ်ဆို့ထားခဲ့ရချိန်အတွင်း ပြည်တွင်း၊ ပြည်ပခရီးစဉ် ၁၈ ခုကို နီးစပ်ရာလေဆိပ်များသို့ လွှဲပြောင်းဆင်းသက်စေခဲ့ပါသည်။

ပြေးလမ်းပေါ်ရှိ လေယာဉ်အပျက်အစီးအချို့ကို သေချာစွာ ရှင်းလင်းဖယ်ရှားပြီးဖြစ်ပြီး မေလ ၈ ရက် ည ၉း၀၁ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်လည်ပတ်မှုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ထပ်မံသိရှိလိုသည်များရှိပါက media.relations@yangon.aero သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**-- End of Press Release --**

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

နိုင်ငံတကာအဆင့်မီလေဆိပ်ဝန်ဆောင်မှုများအား စတင်ဝန်ဆောင်မှုပေးခဲ့သော Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံ၏ အဓိကဂိတ်ပေါက်၊ ထွက်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် (YIA) အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများကို စီမံခန့်ခွဲလျက်ရှိသော YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား အရည်အသွေးမြင့် လေကြောင်းဝန်ဆောင်မှုများ စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရေးအတွက် အခြေခံအဆောက်အအုံ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို နေ့စဉ်နဲ့အမျှ အကောင်းမွန်ဆုံးဖြစ်အောင် ဆောင်ရွက်လျက် ရှိပါသည်။

အိန္ဒိယ နှင့် တရုတ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိလျက်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံနေထိုင်ရာ နိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ မြန်မာနိုင်ငံသည် ခရီးသွားလာရာ နေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသည်နှင့်အညီ YACL အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အရောင်းဆိုင် ၄၇ ဆိုင် ရှိပြီး အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင် ရှိပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၀ ခုအား ဝန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ၂၀၁၈ ခုနှစ် အတွင်း ခရီးသည်ပေါင်း ၆.၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

**YANGON AERODROME COMPANY LIMITED**
For media queries, please contact the **YACL Media Office** at media.relations@yangon.aero.